ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဗဟိုကြီးကြပ်ရေးအဖွဲ့

**အမိန့်ကြော်ငြာစာအမှတ် ၄ / ၂၀၁၆**

၁၃၇၈ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက်

(၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်)

## နေပြည်တော် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေး ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း

၁။ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဗဟိုကြီးကြပ်ရေးအဖွဲ့သည် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၈ ပုဒ်မခွဲ(ခ)အရ ဗဟိုဦးစီးအဖွဲ့၏ သဘောတူညီချက်ဖြင့် **"နေပြည်တော် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးကြီးကြပ်ရေးအဖွဲ့"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်း တာဝန်ပေးအပ်လိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>နေပြည်တော်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ညွှန်ကြားရေးမှူး<br>နေပြည်တော်မီးသတ်ဦးစီးဌာန | အဖွဲ့ဝင် |
| (ဂ) | တပ်ဖွဲ့မှူး<br>နေပြည်တော်ရဲတပ်ဖွဲ့<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူး<br>စိုက်ပျိုးရေးဦးစီးဌာန<br>ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် | အဖွဲ့ဝင် |
| (င) | ဦးစီးမှူး<br>ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(နေပြည်တော်ရုံး)<br>ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူး<br>ပတ်ဝန်းကျင်ညစ်ညမ်းမှုကာကွယ်ရေးဌာန<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ဆ) | ညွှန်ကြားရေးမှူး<br>သတ္တုတွင်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူး<br>အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူး<br>ကုန်သွယ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ည) | ဦးစီးမှူး<br>စားသုံးသူရေးရာဦးစီးဌာနခွဲ၊ စားသုံးသူရေးရာဦးစီးဌာန<br>ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် | အဖွဲ့ဝင် |
| (ဋ) | နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဌ) | နေပြည်တော်ကုသရေးဦးစီးဌာနမှူး<br>ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဍ) | ညွှန်ကြားရေးမှူး<br>အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဎ) | ဦးစီးဌာနမှူး<br>တိုင်းရင်းဆေးပညာဦးစီးဌာန<br>ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် | အဖွဲ့ဝင် |
| (ဏ) | ညွှန်ကြားရေးမှူး<br>အကောက်ခွန်ဦးစီးဌာနမှူးရုံး၊ အကောက်ခွန်ဦးစီးဌာန | အဖွဲ့ဝင် |
| (တ) | ကိုယ်စားလှယ်တစ်ဦး<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (ထ) | ကိုယ်စားလှယ်တစ်ဦး<br>မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း | အဖွဲ့ဝင် |
| (ဒ) | ဦးစီးဌာနမှူး<br>စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန<br>ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် | အတွင်းရေးမှူး |
| (ဓ) | ပါမောက္ခ(ဌာနမှူး)<br>ဓာတုဗေဒဌာန၊ တောင်ငူတက္ကသိုလ် | တွဲဖက်အတွင်းရေးမှူး |

၂။ နေပြည်တော် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှတားဆီးကာကွယ်ရေး ကြီးကြပ်ရေးအဖွဲ့၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရာတွင် လိုအပ်သော စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းခြင်း၊

(ခ) ဗဟိုကြီးကြပ်ရေးအဖွဲ့က သတ်မှတ်သည့် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကို ထုတ်လုပ်ခြင်း၊ ပြုပြင်ခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လက်ဝယ်ထားရှိခြင်းနှင့် ကိုင်တွယ်အသုံးပြုခြင်း ရှိ၊ မရှိ သက်ဆိုင်ရာ စစ်ဆေးရေးအဖွဲ့ကို စစ်ဆေးစေခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဂ) လိုင်စင်လျှောက်ထားသည့်အခါတွင်လည်းကောင်း၊ လိုင်စင်ရရှိပြီးသည့်အခါတွင်လည်းကောင်း လူ၊ တိရစ္ဆာန်များ၏ ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ကို ဘေးအန္တရာယ်ထိခိုက်မှု မဖြစ်ပွားစေရန် ကြိုတင်စီမံကာကွယ်ထားခြင်း ရှိ၊ မရှိကို ကြီးကြပ်ရေးအဖွဲ့ကဖြစ်စေ၊ ကြီးကြပ်ရေးအဖွဲ့က စစ်ဆေးရေးအဖွဲ့ကို တာဝန်ပေးအပ်၍ဖြစ်စေ ကွင်းဆင်းစစ်ဆေးမှုများပြုလုပ်ပြီး စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ တင်ပြခြင်း၊

(ဃ) စစ်ဆေးရေးအဖွဲ့မှ တင်ပြလာသည့် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းများ၏ အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ထားမှုအခြေအနေ စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာကို ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ ဆက်လက်တင်ပြခြင်း၊

(င) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများနှင့်ထိတွေ့၍ အလုပ်လုပ်ကိုင်နေသူများ၏ ကျန်းမာရေး စောင့်ရှောက်မှုအတွက် လိုင်စင်ရရှိသူများက လုပ်ငန်းခွင်နှင့် ပတ်ဝန်းကျင်ကျန်းမာရေးဌာနခွဲနှင့် ညှိနှိုင်းဆောင်ရွက်စေခြင်း၊

(စ) သက်ဆိုင်ရာ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာလုပ်ငန်းကို စတင်လုပ်ကိုင်ခြင်းမပြုမီ စက်ပစ္စည်းကိရိယာများ၏ လုံခြုံစိတ်ချမှုနှင့် ခံနိုင်ရည်ရှိမှုတို့ကို စစ်ဆေးခြင်း၊

(ဆ) လိုင်စင်ရရှိသူများနှင့် အလုပ်လုပ်ကိုင်နေသူများအား သက်ဆိုင်ရာသင်တန်းများကို တက်ရောက်ပြီးသူဖြစ်စေရေး ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဇ) လုပ်ငန်းဆောင်ရွက်ချက်များကို ဗဟိုကြီးကြပ်ရေးအဖွဲ့ထံ အခါအားလျော်စွာ တင်ပြအစီရင်ခံခြင်း၊

(ဈ) ဗဟိုကြီးကြပ်ရေးအဖွဲ့က ပေးအပ်သော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

ဥက္ကဋ္ဌ
ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ
တားဆီးကာကွယ်ရေးဗဟိုကြီးကြပ်ရေးအဖွဲ့

စာအမှတ်၊ ၁၅၀၁(၁)/စမရ(၄-ဥ)/၂၀၁၆( ၀၂၃ )
ရက်စွဲ ၊ ၂၀၁၆ ခု နှစ် ၊ ဒီဇင်ဘာလ ၂၈ ရက်

**ဖြန့်ဝေခြင်း**

ပြည်ထောင်စုဝန်ကြီးဌာနများအားလုံး
နေပြည်တော်ကောင်စီရုံး
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့ရုံးများအားလုံး
ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှတားဆီးကာကွယ်ရေးဗဟိုဦးစီးအဖွဲ့ အဖွဲ့ဝင်များ
အားလုံး
ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှတားဆီးကာကွယ်ရေးဗဟိုကြီးကြပ်ရေးအဖွဲ့
အဖွဲ့ဝင်များအားလုံး
ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းအပိုင်း(၁)တွင် ထည့်သွင်းကြေညာပေးပါရန်။

မိတ္တူကို

နိုင်ငံတော်သမ္မတရုံး
သမ္မတဦးစီးရုံး
ဒုတိယသမ္မတ(၁)ဦးစီးရုံး
ဒုတိယသမ္မတ(၂)ဦးစီးရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး